# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး (လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်)/ အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)/ အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက် သိပ္ပံနှင့်နည်းပညာ)ရရှိသူ | (၄)ဦး |
| (ခ) | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ (သိပ္ပံဘွဲ့ ဦးစားပေး) | (၁)ဦး |
| (ဂ) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၁၀)ဦး |
| (ဃ) | စာရင်းကိုင်-၄ (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | စီးပွားရေးဘွဲ့ရရှိသူ(သို့မဟုတ်) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၂)ဦး |
| (င) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ကွန်ပျူတာဘွဲ့ရရှိသူ(သို့မဟုတ်) သိပ္ပံဘွဲ့တစ်ခုခုရရှိသူ | (၁)ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင်ရွက်နိုင်သူဖြစ်ရမည်-

(က) ဒုတိယဦးစီးမှူးရာထူးနေရာများနှင့် ဒု-လက်ထောက်ဦးစီးမှူးနှင့် လစာနှုန်းတူ ရာထူးနေရာများအတွက် လျှောက်ထားလိုသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်အောက်နှင့် ဝန်ထမ်းဖြစ်ပါက အသက် (၃၈)နှစ်အောက်ဖြစ်ရမည်။

(ခ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။(အဆိုပါ ဘွဲ့ရရှိသူများအား အသက် သတ်မှတ်ချက်လျော့ပေါ့စဉ်းစားပေးမည်ဖြစ်ပါသည်)

(ဂ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။(အောင်လက်မှတ် တစ်ပါတည်း တင်ပြနိုင်ရမည်)

(ဃ) ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါကလျော်ကြေးငွေကျပ်

၁,၀၀၀,၀၀၀/ (ကျပ် တစ်ဆယ်သိန်းတိတိ)နှင့် ဒု-လက်ထောက်ဦးစီးမှူးနှင့် လစာနှုန်းတူရာထူး နေရာများအတွက် လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး(၂)နှစ်၊ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ၅၀၀,၀၀၀/– (ကျပ်ငါးသိန်းတိတိ) တို့ကို ပေးလျော်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးရမည်ဖြစ်သည်။

(င) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။(ဝန်ထမ်းမဟုတ်သူများ)

(စ) နေရာဒေသမရွေး တာဝန်ချထားပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၂)၊ နေပြည်တော်နှင့် အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ ( ၇ – ၈ –၂၀၂၆ ) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်–

(က) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ/ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) ၊ အောင်မြင်ကြောင်းထောက်ခံချက်

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း (လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ (အင်္ကျီအဖြူရောင်၊ နောက်ခံအပြာရောင် ဓါတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း(လျှောက်လွှာပိတ်ရက်မတိုင်မီ(၃)လအတွင်း)

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(ဇ) စာမေးပွဲကြေး ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၅၀၀၀/–(ကျပ် ငါးထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့ ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website(www.ptd.gov.mm) တွင် Download ရယူနိုင်ပါသည်။

၅။ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်ထားသူများအတွက် ရေးဖြေစာမေးပွဲကို နေပြည်တော် နှင့်ရန်ကုန်မြို့တို့တွင် (၁၃ – ၈ –၂၀၂၆)ရက်နေ့ (ကြာသပတေးနေ့)နံနက် (၀၉:၃၀) နာရီမှ (၁၁:၃၀) နာရီထိ မြန်မာစာဘာသာရပ်ကိုလည်းကောင်း၊ (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း ၊ ( ၁၄ – ၈ –၂၀၂၆ ) ရက်နေ့ (သောကြာနေ့) နံနက်( ၀၉:၃၀) နာရီမှ(၁၁:၃၀ ) နာရီထိ

အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား (၁၁ - ၈ -၂၀၂၆) ရက်နေ့မှ (၁၂ - ၈ -၂၀၂၆) ရက်နေ့အထိ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ကတ်ပြားပြသ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ရုံးအမှတ်(၂) နေပြည်တော်နှင့်ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတို့တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းကို (၂၀-၈-၂၀၂၆ ) ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ ဒု-လက်ထောက်ဦးစီးမှူးနှင့်လစာနှုန်းတူရာထူးနေရာများအတွက် လျှောက်ထားသူများသည် (၂၀-၈-၂၀၂၆) ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းများ ခံယူရမည်ဖြစ်ပါသည်။

၇။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် ( ၇- ၈ -၂၀၂၆ ) ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)အား တစ်ပါတည်းတင်ပြရမည်ဖြစ်သည်။

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျခြင်းနှင့်စာရွက်စာတမ်းများ ပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇ -၃၄၀၇၂၅၀၊ ၀၉-၅၄၂၁၁၀၆ နှင့် ၀၉-၄၂၄၀၀၀၆၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။(အကြောင်းအမျိုးမျိုးကြောင့် နေ့ရက်၊ အချိန် ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။)